LESSON 23

# 私はこの猫が好きです

Watashi wa kono neko ga suki desu

ကျွန်မက ဒီကြောင်လေးကို ချစ်တယ်။



## ဒီနေ့အတွက် ဇာတ်ဝင်ခန်း

| | | |
|---|---|---|
| タム<br>တမ် | ：かわいい。<br>Kawaiꜜi. | ချစ်စရာကောင်းလိုက်တာ။ |
| | みんなごはんを食べています。<br>Minna goꜜhan o taꜜbete imaꜜsu. | အားလုံး အစာစားနေကြတယ်။ |
| あやか<br>အာ့ယာ့ကာ | ：本当にかわいいね。<br>Hontoo ni kawaiꜜi ne. | တကယ်ပဲ<br>ချစ်စရာကောင်းလိုက်တာနော်။ |
| | おいで、おいで!<br>Oide, oide! | ဒီကိုလာ ဒီကိုလာ။ |
| | 私はこの子が好き。<br>Watashi wa konoꜜko ga sukiꜜ. | ကျွန်မက ဒီကလေးကို ချစ်တယ်။ |
| タム<br>တမ် | ：私はこの猫が好きです。<br>Watashi wa kono neꜜko ga sukiꜜ deꜜsu. | ကျွန်မကတော့ ဒီကြောင်လေးကို<br>ချစ်တယ်။ |
| マイク<br>မိုက်ခ် | ：猫カフェって、<br>Neko-kafe tte,<br>リラックスできるよね。<br>riraꜜkkusu dekiꜜru yo ne. | ကြောင်ကဖေးဆိုတာ<br>စိတ်အပန်းပြေတာပဲနော်။ |
| タム<br>တမ် | ：ほんとですね。<br>Honto deꜜsu ne. | တကယ်ပဲနော်။ |

### ဝေါဟာရ

| | | |
|---|---|---|
| みんな　အားလုံး<br>minna | ごはん　အစာ<br>goꜜhan | 本当に　တကယ်ပဲ<br>hontoo ni |
| 好き(な)　ချစ်ခင်တဲ့/ကြိုက်နှစ်သက်တဲ့<br>sukiꜜ (na) | 猫　ကြောင်<br>neꜜko | リラックスする　အပန်းပြေတယ်<br>riraꜜkkusu-suru |


©NHK WORLD-JAPAN

အဓိက အသုံးအနှုန်း

# 私(わたし)はこの猫(ねこ)が好(す)きです。

**Watashi wa kono neꜜko ga sukiꜜ deꜜsu.**

ကျွန်မက ဒီကြောင်လေးကို ချစ်တယ်။

ကိုယ်ကြိုက်နှစ်သက်တဲ့အရာကို ပြောတဲ့အခါ “[အရာ] ga suki desu” လို့ ပြောပါတယ်။ “suki” “ကြိုက်နှစ်သက်တဲ့” က NA-နာမဝိသေသနဖြစ်ပြီး ကြိုက်နှစ်သက်တဲ့ အရာ (ကံပုဒ်) ကိုတော့ ဝိဘတ် “ga” နဲ့ ဖော်ပြပါတယ်။ ဒါကြောင့် “neko” “ကြောင်” ကို ချစ်တယ်ဆိုရင် “Neko ga suki desu” လို့ ပြောရပါမယ်။

သုံးကြည့်ကြရအောင်

食(た)べ物(もの)は、何(なに)が好(す)きですか。

Tabemoꜜno wa, naꜜni ga sukiꜜ deꜜsu ka.

すしが好(す)きです。

Sushiꜜ ga sukiꜜ deꜜsu.



အစားအစာထဲမှာ ဘာကိုကြိုက်ပါသလဲ။
ဆူရှီကို ကြိုက်ပါတယ်။

ကြိုးစားကြည့်ရအောင်

**～が好(す)きです。** XXX ကို ကြိုက်ပါတယ်။

～ga sukiꜜ deꜜsu.

①**J-POP**

jee-poꜜppu

J-pop



②**マンガ**

manga

မန်ဂါ ရုပ်ပြကာတွန်း




ဒီကနေ့အတွက် အပိုဆု စကား

**ほんとですね。**

Honto deꜜsu ne.

တကယ်ပဲနော်။

တစ်ဖက်လူရဲ့ ထင်မြင်ချက်၊ ခံစားချက်ကို လိုလိုလားလား သဘောတူ ထောက်ခံတဲ့အခါ သုံးပါတယ်။ “honto” ဆိုတာက “hontoo” “တကယ်” ကို အတိုပြောတာ ဖြစ်ပါတယ်။


©NHK WORLD-JAPAN





# ဂျပန်က ထူးထူးခြားခြား ကော်ဖီဆိုင်များ

တိရစ္ဆာန်လေးတွေနဲ့ ဆော့ကစားလို့ရတဲ့ ကဖေးတွေထဲမှာ ကြောင်ကဖေးအပြင် ဇီးကွက်ကဖေး၊ ယုန်ကဖေး စတာတွေလည်း လူကြိုက်များပါတယ်။

ယုန်ကဖေး



ဇီးကွက်ကဖေး



©Happy Owl Café chouette

ဒါ့အပြင် အနောက်တိုင်းက အိမ်အကူအမျိုးသမီးလို ဝတ်ဆင်ကြတဲ့ စားပွဲထိုးတွေက ဝန်ဆောင်မှုပေးတဲ့ မိတ်ဒ်ကဖေး၊ နက္ခတ်တာရာပြခန်းကဖေး၊ ခြေထောက်ရေစိမ်လို့ရတဲ့ ကဖေး စတဲ့ စိတ်ဝင်စားစရာ ကော်ဖီဆိုင်အမျိုးမျိုးရှိပါတယ်။

ခြေထောက်ရေစိမ်လို့ရတဲ့ ကဖေး



အဖြေ ① J-POPが好(す)きです。 Jee-poꜜppu ga sukiꜜ deꜜsu.
② マンガが好(す)きです。 Manga ga sukiꜜ deꜜsu.